# Imidacloprid ပိုးသတ်ဆေးအား ဖြန့်ဖြူးရောင်းချခွင့်ပြုသည့် မျိုးစေ့လူးနယ်ဆေးအဖြစ် ဖော်စပ်မှုပုံစံ

၁။ DS (Powder for dry seed treatment)
(အခြောက်မျိုးစေ့လူးနယ်ဆေးမှုန့်)

၂။ LS – Solution for seed treatment(မျိုးစေ့လူးနယ်ရန်ပျော်ရည်)

၃။ SS – Water soluble powder for seed treatment
(မျိုးစေ့ရေပျော်ဆေးရည်)

၄။ WS–Water–dispersible powders for slurry seed treatment treatment( ရေတွင်ပျန့်နှံမှုရှိသောဆေးမှုန့်)

၅။ FS– Flowable concentrate for seed treatment
(ရေပျော်ဆေးပြင်း)

# လိုင်စင်

- ❑ တားမြစ်ချက်  ၃၂။ မည်သူမျှ လိုင်စင်မရှိဘဲ ပြည်ပမှတင်သွင်းလာသော အဆိပ်ရှိပစ္စည်းကိုပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့်လုပ်ငန်း၊ပြည်ပမှပြည်တွင်းသို့တင်သွင်းလာသော ပိုးသတ်ဆေးကိုပြန်လည်ထုပ်ပိုးရောင်းချသည့်လုပ်ငန်း၊ ပိုးသတ်ဆေးလက်လီလက်ကားရောင်းချသည့်လုပ်ငန်း နှင့်ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်းများကို မပြု လုပ်ရ။

- ❑ ပိုးသတ်ဆေးဥပဒေအရပိုးသတ်ဆေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းတစ်ရပ်ရပ် ကိုလုပ်ကိုင်ဆောင်ရွက်ရန်ထုတ်ပေး သောခွင့်ပြုမိန့်။

# ပိုးသတ်ဆေးဥပဒေ လုပ်ထုံးလုပ်နည်းများအရ တရားမဝင်ပိုးသတ်ဆေးများ တင်သွင်းခြင်း
# အတွက်ပိုးသတ်ဆေးဥပဒေနှင့်အညီတားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ

## တားမြစ်ချက်များ

ပိုးသတ်ဆေးဥပဒေပုဒ်မ+၃၂ ,အရ-
မည်သူမျှ လိုင်စင်မရှိဘဲ –

ပြည်ပမှတင်သွင်းလာသော အဆိပ်ရှိပစ္စည်းကို ပိုးသတ်ဆေး အဖြစ် ဖော်စပ်ရောင်းချသည့်လုပ်ငန်း၊

ပြည်ပမှပြည်တွင်းသို့ တင်သွင်းလာသောပိုးသတ်ဆေး ကိုပြန်လည်ထုပ်ပိုးရောင်းချသည့်လုပ်ငန်း၊

လက်လီလက်ကားရောင်းချသည့်လုပ်ငန်းနှင့်

ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်းများကို မပြု လုပ်ရ

ဟူသောတားမြစ်ချက်ကို
ဖေါက်ဖျက်ကျူးလွန်ပါက

→

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

ပိုးသတ်ဆေးဥပဒေပုဒ်မ+၃၉ ,အရ၀

ထောင်ဒဏ်ငါးနှစ်အထိ ဖြစ်စေ၊
ငွေဒဏ် ကျပ်တစ်ဆယ်သိန်း အထိ ဖြစ်စေ၊
ဒဏ်နှစ်ရပ်လုံးဖြစ်စေ
ကျခံရမည့်အပြင် သက်သေခံ ပစ္စည်းများကိုလည်း သိမ်းယူ ခြင်းခံရမည်။

# လိုင်စင်လျှောက်ထားခြင်း

- ပိုးသတ်ဆေးဥပဒေ၊ အခန်း ၅၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊(ခ)၊(ဂ) နှင့်(ဃ) တို့အရ လိုင်စင်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

- **လိုင်စင်အမျိုးအစား**

(၁) ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်လိုင်စင် (Formulation Licence)

(၂) ပိုးသတ်ဆေးပြန်လည်ထုပ်ပိုးရောင်းချခွင့်လိုင်စင် +Repacking Licence)

(၃) ပိုးသတ်ဆေးလက်လီလက်ကားရောင်းချခွင့်လိုင်စင် (Whole / Retail Sale Licence)

(၄) ပိုးသတ်မှိုင်းတိုက်ခွင့်လိုင်စင် (Fumigation Licence ,

# ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်လိုင်စင်ရရှိ သူများအတွက်စည်းကမ်းချက်များ

(က) လိုင်စင်ရရှိသူသည် ထုတ်လုပ်/ဖော်စပ်မည့်ပိုးသတ် ဆေးနှင့်ပတ်သက်၍ မှတ်ပုံတင်ရရှိ ပြီးဖြစ်ရမည်။

(ခ) ထုတ်လုပ်သောပိုးသတ်ဆေး၏ အရည်အသွေးစံနှုန်း များသည် မှတ်ပုံတင် သို့မဟုတ် ပြင်ဆင်မှတ်ပုံတင် လက်မှတ်တွင် ဖော်ပြထားသော ပိုးသတ်ဆေး အရည် အသွေး များနှင့် ကိုက်ညီမှုရှိရမည်။

(ဂ) လိုင်စင်ရရှိသူသည်ထုတ်လုပ်မှုသို့မဟုတ်ဖော်စပ်ကြီး ကြပ်သူ တာဝန်ခံပြောင်းလဲလျှင် လိုင်စင်ထုတ်ပေး ရာဌာန/ ပုဂ္ဂိုလ်ထံယင်းပြောင်းလဲမှုကို ကြိုတင်အကြောင်းကြားရန်

(ဃ) လိုင်စင်ရရှိသူသည် ပိုးသတ်ဆေး တစ်မျိုးမျိုးအား ဖြည့်စွက်ထုတ်လုပ်/ ဖော်စပ်ခြင်းကို ဆောင်ရွက်လိုပါကလိုင်စင်ပါပိုးသတ်ဆေးအမည်စာရင်းတွင် ဖြည့်စွက်ထည့်သွင်းနိုင်ရန်အလို့ငှာလျှောက်လွှာ အသစ် တစ်စောင်ထပ်မံတင်သွင်းရမည်။

(င) မှတ်ပုံတင်အဖွဲ့မှအတည်ပြုထားသောတံဆိပ်နှင့်အညွှန်းစာ(မြန်မာဘာသာ) ဖော်ပြပါရှိရမည်။

(စ) ကန့်သတ်ထားသောပိုးသတ်ဆေး အမျိုးအစားကို ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့် လက်မှတ်ရသူများ ကိုသာ ရောင်းချရမည်။

## ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်လိုင်စင်ရရှိ သူများအတွက်စည်းကမ်းချက်များ

(ဆ)ပိုးသတ်ဆေး ဝယ်ယူသူများ၏ အမည်နှင့် နေရပ်လိပ်စာကို ရေးမှတ်ပြီးပြေစာ ဖြင့် ရောင်းချရမည်။

(ဇ) ပိုးသတ်ဆေးသိုလှောင်သည့် အဆောက်အအုံ ၏ မြင်သာသောနေရာတွင် " **အန္တရာယ်ရှိသည်** "ဆို သည့် စာတမ်းကို ထင်ရှားစွာ ချိတ်ဆွဲထားရမည်၊

(ဈ) ပိုးသတ်ဆေးအသွင်းအထုတ်မပြုလုပ်သည့် အချိန် တွင်သိုလှောင်ရုံကို လုံခြုံစွာ သော့ခတ်ထားရမည်၊

(ည) ပိုးသတ်ဆေးအတင်အချပြုလုပ်ရာတွင် အန္တရာယ် ကင်းစွာ ကိုင်တွယ်တတ်သူ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်၊

(ဋ) ပိုးသတ်ဆေးသိုလှောင်ရုံတည်နေရာနှင့်သိုလှောင်ထားသည့်အမျိုးအစားနှင့် အများဆုံးသိုလှောင်မည့်ပမာဏကို အနီးဆုံးမီးသတ်စခန်းသို့ လစဉ် ပေးပို့ထားရမည်၊

(ဌ) လိုင်စင်သက်တမ်းမကုန်ဆုံးမီသက်တမ်းတိုးရန်နှင့်နောက်ကျပါက သတ်မှတ်သည့် ဒဏ်ကြေးကိုပေးဆောင်ရမည်။ ဖလကျော်လွန်ပါက လိုင်စင်ဖျက် သိမ်းခြင်း ခံရမည်။

# ပိုးသတ်ဆေးပြန်လည်ထုပ်ပိုးရောင်းချခွင့်လိုင်စင် ရှိ သူများ အတွက်စည်းကမ်းချက်များ

(က) ပြန်လည်ထုပ်ပိုးသော ပိုးသတ်ဆေး၏ အရည် အ သွေး စံနှုန်းများသည် မှတ်ပုံတင်လက်မှတ်တွင်ဖော်ပြထားသော ပိုးသတ်ဆေး အရည်အသွေးများ နှင့် ကိုက်ညီမှုရှိရမည်။

(ခ) ပူးတွဲပါတံဆိပ်နှင့်အညွှန်းစာများ မြန်မာဘာသာ ဖြင့်)အားပိုးသတ်ဆေးထည့်သွင်း/ ထုပ်ပိုးပစ္စည်းတိုင်းတွင် ကပ်ထားရန်နှင့် သုံးစွဲရန်အညွှန်းများကို လည်း ထုပ်ပိုးပစ္စည်း ယူနစ်တိုင်းတွင် ပူးတွဲထည့် သွင်း ပေးရမည်။

(ဂ) လိုင်စင်ရရှိသူသည် လမ်းညွှန်ကြီးကြပ်သူတာဝန် ခံပြောင်းလဲလျှင်လိုင်စင်ထုတ်ပေး ရာဌာန/ ပုဂ္ဂိုလ်ထံ ယင်းပြောင်းလဲမှုကို ကြိုတင်အကြောင်းကြား ရမည်။

(ဃ)လိုင်စင်ကိုင်ဆောင်သူသည် ပိုးသတ်ဆေးတစ်မျိုး မျိုးအား ထပ်မံဖြည့်စွက်၍ ပြန်လည် ထုပ်ပိုးခြင်း ဆောင်ရွက်လိုပါကလိုင်စင်ပါပိုးသတ်ဆေး အမည် စာရင်းတွင် ထပ်မံဖြည့် စွက် ထည့်သွင်းနိုင်ရန် အလို့ငှာ လျှောက်လွှာ အသစ်တစ်စောင် ထပ်မံ တင်သွင်းရမည်။

# ပိုးသတ်ဆေးပြန်လည်ထုပ်ပိုးရောင်းချခွင့်လိုင်စင် ရရှိသူများအတွက်စည်းကမ်းချက်များ

(င) မှတ်ပုံတင်အဖွဲ့က အတည်ပြုထားသော တံဆိပ် နှင့် အညွှန်းစာ(မြန်မာဘာသာ)ဖြင့် ဖော်ပြပါရှိရ မည်။

(စ) ကန့်သတ်ထားသော ပိုးသတ်ဆေး အမျိုးအစားကို ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့် ရှိသူကိုသာ ရောင်း ချရမည်။

(ဆ)ပေါက်ပြဲနေသော ပိုးသတ်ဆေးများကို လုံခြုံ အောင် ထုပ်ပိုးပြီးမှ ရောင်းချရမည်။

(ဇ) ပိုးသတ်ဆေးဝယ်ယူသူများ၏ အမည်နှင့် နေရပ် လိပ်စာကို ရေးမှတ်ပြီး ပြေစာဖြင့် ရောင်းချရမည်။

ဈ) ပိုးသတ်ဆေးသိုလှောင်သည့် အဆောက်အအုံ၏ မြင် သာသောနေရာတွင် **" အန္တရာယ်ရှိသည်"** ဆို သည့် စာတမ်းကို ထင်ရှားစွာ ချိတ်ဆွဲထားရမည်။

(ည) ပိုးသတ်ဆေးအသွင်းအထုတ်မပြုလုပ်သည့် အချိန် တွင်သိုလှောင်ရုံကိုလုံခြုံစွာသော့ခတ်ထားရမည်။

# ပိုးသတ်ဆေးပြန်လည်ထုပ်ပိုးရောင်းချခွင့်လိုင်စင် ရှိ သူများ အတွက်စည်းကမ်းချက်များ

(၄) ပိုးသတ်ဆေး အတင်အချပြုလုပ်ရာတွင် အန္တရာယ် ကင်းစွာ ကိုင်တွယ်တတ်သူ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်

(၅) ပိုးသတ်ဆေးသိုလှောင်ရုံ တည်နေရာနှင့် သိုလှောင် ထားသည့် အမျိုးအစားနှင့် အများဆုံးသိုလှောင် မည့် ပမာဏကို အနီးဆုံး မီးသတ်စခန်းသို့ လစဉ် ပေးပို့ ထားရမည်

(၃) လိုင်စင်သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးရန် နှင့် နောက်ကျပါက သတ်မှတ်သည့် ဒဏ်ကြေးကို ပေးဆောင်ရမည်။ ဖလကျော်လွန်ပါက လိုင်စင် ဖျက်သိမ်းခြင်းခံရမည်။

# ပိုးသတ်မှိုင်းတိုက်ခွင့်လိုင်စင် ရရှိသူများအတွက်စည်းကမ်းချက်များ

(က) ပိုးသတ်ဆေးများ သိုလှောင်ထားပါက လက်လီလက်ကား ရောင်းချခွင့်လိုင်စင် သီးခြား လျှောက်ထားရမည်။

(ခ) ကြီးကြပ်ဆောင်ရွက်မည့် ပုဂ္ဂိုလ်များ၏ အချက် အလက်များနှင့်ပတ်သက်၍အပြောင်းအလဲ ရှိပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ ပြန်လည် တင်ပြရမည်။

(ဂ) လုပ်ငန်းဆောင်ရွက်မည့် ပုဂ္ဂိုလ်များ၏ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ်မိတ္တူနှင့် ရှေး ဦးသူနာပြုနည်းများ ဖြေဆိုအောင်မြင်ကြောင်း ထောက်ခံချက် တင်ပြရမည်။

(ဃ) ပိုးသတ်ဆေးများကို လူနေအိမ်ခန်းများ၊ ပတ် ဝန်းကျင် အန္တရာယ်ဖြစ်စေနိုင်သော နေရာ များ တွင်သိုလှောင်ထားရှိခြင်းမပြုရ၊

(င) အကြောင်းတစ်ခုခုကြောင့် စွန့်ပစ်ရန် ရှိသော ပိုးသတ်ဆေး၊ အဆိပ်ရှိပစ္စည်းသို့မဟုတ် ထုပ် ပိုးပစ္စည်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီး ဌာနက ညွှန်ကြားထားသည့်အတိုင်း လိုက် နာဆောင်ရွက်ရမည်၊

(စ) လိုင်စင်သက်တမ်း မကုန်ဆုံးမီ သက်တမ်းတိုး ရန်နှင့် နောက်ကျပါက သတ်မှတ်သည့် ဒဏ်ကြေးကိုပေးဆောင်ရမည်။ ဖလကျော်လွန်ပါက လိုင်စင်ဖျက်သိမ်းခြင်းခံရမည်။

# လက်လီလက်ကားရောင်းချခွင့်လိုင်စင် စည်းကမ်းချက်များ

- မှတ်ပုံတင် သို့မဟုတ် ပြင်ဆင်မှတ်ပုံတင်ရရှိထားသည့် ပိုးသတ်ဆေးများကိုသာ ရောင်း ချရမည်
- မှတ်ပုံတင်အဖွဲ့မှ အတည်ပြုထားသော တံဆိပ်နှင့်အညွှန်းစာ (မြန်မာဘာသာ)မပါရှိဘဲ ရောင်းချခြင်းမပြုရ။
- ကန့်သတ်ထားသော ပိုးသတ်ဆေးအမျိုးအစားများကို လက်မှတ်ရပိုးသတ်ဆေး ပက်ဖျန်းသူများကိုသာ ရောင်းချရမည်။
- ပေါက်ပြဲနေသော ပိုးသတ်ဆေးများကို လုံခြုံအောင်ထုပ်ပိုးပြီးမှ ရောင်းချရမည်။
- ပိုးသတ်ဆေးဝယ်ယူသူများ၏ အမည်နှင့် နေရပ်လိပ်စာကိုရေးမှတ်ပြီး ပြေစာဖြင့် ရောင်းချရမည်။
- လိုင်စင်သက်တမ်းတိုးရန် ပျက်ကွက်ပါက သတ်မှတ်သည့်ကာလအတိုင်း ဒဏ်ကြေး များကိုပေးဆောင်ရမည်။
- လိုင်စင်တစ်ခုအတွက် အရောင်းဆိုင်တစ်ဆိုင်သာဖွင့်ခွင့်ပြုသည်။
- ပိုးသတ်ဆေးများကို အစားအစာနှင့် အတူတွဲ၍ ရောင်းချခြင်း၊ သယ်ဆောင်ခြင်းမပြုရ။

# လိုင်စင်ခနွန်းထားများ

| လိုင်စင်အမျိုးအစား | ခွင့်ပြုသူ | သက်တမ်း | လိုင်စင်ကြေး |
|---|---|---|---|
| ➢ ဖေါ်စပ်ထုတ်လုပ်ခွင့်လိုင်စင် | ညွှန်ကြားရေးမှူးချုပ် | ၃ နှစ် | ၁၅၀၀၀၀၀ ကျပ် |
| ➢ ပြန်လည်ထုပ်ပိုးခွင့်လိုင်စင် | ညွှန်ကြားရေးမှူးချုပ် | ၃ နှစ် | ၁၅၀၀၀၀၀ ကျပ် |
| ➢ ပိုးသတ်မှိုင်းတိုက်ခွင့်လိုင်စင် | ညွှန်ကြားရေးမှူးချုပ် | ၃ နှစ် | ၅၀၀၀၀၀ ကျပ် |
| ➢ လက်လီလက်ကားရောင်းချခွင့် လိုင်စင် | ခရိုင်ဦးစီးမှူး | ၃ နှစ် | ၅၀၀၀၀၀ ကျပ် |

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ၏ (၂၃.၁၂.၂၀၂၄) နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၄)

# ညွှန်ကြားရေးမှူးချုပ်မှ စစ်ဆေးရေးအဖွဲ့များ သတ်မှတ်တာဝန်ပေးအပ်ခြင်း

ညွှန်ကြားရေးမှူးချုပ်၏(၃၀-၁-၂၀၁၇)ရက်စွဲပါရုံးအမိန့်စာအမှတ်-၁၈၈/၂၀၁၇အရမျိုးစေ့ဥပဒေ၊ မြေသြဇာဥပဒေနှင့်ပိုးသတ်ဆေးဥပဒေများဆိုင်ရာလုပ်ငန်းများထိရောက်စွာဆောင်ရွက်ရေးအတွက် စစ်ဆေးရေးအဖွဲ့များ အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပါသည်။

**(က) ကြီးကြပ်စစ်ဆေးရေးအဖွဲ့**

| | |
|---|---|
| (၁) ဒု-တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး | အဖွဲ့ခေါင်းဆောင် |
| (၂) တိုင်းဒေသကြီး/ပြည်နယ်မြေအသုံးချရေးတာဝန်ခံ | အဖွဲ့ဝင် |
| (၃) တိုင်းဒေသကြီး/ပြည်နယ်မျိုးစေ့တာဝန်ခံ | အဖွဲ့ဝင် |
| (၄) တိုင်းဒေသကြီး/ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ | အဖွဲ့ဝင် |
| (၅) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးမှ တာဝန်ပေးအပ်သည့် အရာထမ်း (၁) ဦး | အတွင်းရေးမှူး |

**(ခ) မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့**

| | |
|---|---|
| (၁) ခရိုင်ဦးစီးမှူး | အဖွဲ့ခေါင်းဆောင် |
| (၂) ခရိုင်မြေအသုံးချရေးတာဝန်ခံ | အဖွဲ့ဝင် |
| (၃) ခရိုင်မျိုးစေ့တာဝန်ခံ | အဖွဲ့ဝင် |
| (၄) ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ | အဖွဲ့ဝင် |
| (၅) ခရိုင်ဦးစီးမှူးမှ တာဝန်ပေးအပ်သည့် အမှုထမ်း(၁)ဦး | အတွင်းရေးမှူး |

# အခန်း(၇)
## စစ်ဆေးရေးမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ (အခန်း၇-ပုဒ်မ ၂၂)

**ပုဒ်မ၂၂။** စစ်ဆေးရေးမှူးသည် အောက်ပါတာဝန်များကိုဆောင်ရွက်ရမည်-

**ပုဒ်မ၂၂(က)** ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်မှုရှိမရှိ စစ်ဆေးခြင်း၊

**ပုဒ်မ၂၂(ခ)** မိမိတာဝန်ခံရသော နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ဖြစ်စေ ပိုးသတ်ဆေးရောင်းချသည့်လုပ်ငန်းများနှင့် ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှုများကို စစ်ဆေးခြင်း၊

**ပုဒ်မ၂၂(ဂ)** ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်သူကို ဤဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် တင်ပြခြင်း၊

**ပုဒ်မ၂၂(ဃ)** ပိုးသတ်ဆေးဘူး၊ အခွံနှင့် ထုပ်ပိုးပစ္စည်းများ စနစ်တကျစွန့်ပစ်ဖျက်ဆီးရေးကို စီမံခန့်ခွဲခြင်း၊

**ပုဒ်မ၂၂(င)** ပိုးသတ်ဆေးများထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့သည် လိုင်စင်တွင်ဖော်ပြပါရှိသောစည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိမရှိကို စစ်ဆေးခြင်း၊

**ပုဒ်မ၂၂(စ)** သီးနှံများတွင် ပိုးသတ်ဆေးသုံးစွဲမှုသည် အညွှန်းစာပါစည်းကမ်းချက်များနှင့်ကိုက်ညီမှုရှိမရှိ စစ်ဆေးခြင်း၊

**ပုဒ်မ၂၂(ဆ)** ပိုးသတ်ဆေးဝယ်ယူရောင်းချသည့်မှတ်တမ်းများကို စစ်ဆေးခြင်း၊

**ပုဒ်မ၂၂(ဇ)** ပိုးသတ်ဆေးများကို စစ်ဆေးရန်အတွက် နမူနာယူခြင်း၊

**ပုဒ်မ၂၂(ဈ)** လိုင်စင်မရှိဘဲ ပိုးသတ်ဆေးရောင်းချသည့်ကိစ္စကို စစ်ဆေးတွေ့ရှိပါက ခရိုင်ဦးစီးမှူးထံ တင်ပြပြီးယင်းကညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

**ပုဒ်မ၂၂(ည)** ခရိုင်ဦးစီးမှူးက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

# အခန်း(၁၀)
# ပိုးသတ်ဆေး လက်လီလက်ကားရောင်းချခွင့် လိုင်စင်ရရှိသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

**ပုဒ်မ ၂၅။** ပိုးသတ်ဆေးလက်လီလက်ကားရောင်းချခွင့်လိုင်စင်ရရှိသူသည်–

**ပုဒ်မ ၂၅(က)** လိုင်စင်ပါသက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

**ပုဒ်မ ၂၅(ခ)** သတ်မှတ်သော လိုင်စင်ခကို ပေးဆောင်ပြီးဖြစ်ရမည်။

**ပုဒ်မ ၂၅(ဂ)** လိုင်စင်ကိုဆိုင်တွင် မြင်သာအောင်ချိတ်ဆွဲထားရမည်။

**ပုဒ်မ ၂၅(ဃ)** ရောင်းချသည့်ပိုးသတ်ဆေးများ၏ အာနိသင်**ပြောင်းလဲ**စေရန် အခြားအရာဝတ္ထုပစ္စည်းတစ်စုံတစ်ရာရောနှောခြင်း၊ပြုပြင်ခြင်းနှင့်မမှန်မကန်ကြော်ငြာရောင်းချခြင်း မပြုလုပ်ရ။

**ပုဒ်မ ၂၅(င)** လိုင်စင်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်များကို တိကျစွာလိုက်နာရမည်။

**ပုဒ်မ ၂၅(စ)** ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးက အခါအားလျော်စွာစစ်ဆေးခြင်းကို ခံယူရမည်။

**ပုဒ်မ ၂၅(ဆ)** မြို့နယ်ဦးစီးမှူးက တောင်းခံလာပါက မိမိလက်ဝယ်ရှိ ပိုးသတ်ဆေးနမူနာများကို ပေးအပ်ရမည်။

**ပုဒ်မ ၂၅(ဇ)** ပိုးသတ်ဆေးဝယ်ယူရောင်းချသည့် မှတ်တမ်းများထားရှိရမည်။

**ပုဒ်မ ၂၅(ဈ)** လုပ်ငန်းဆက်လက်လုပ်ကိုင်လိုသူသည် လိုင်စင်သက်တမ်းမကုန်ဆုံးမီရက်ပေါင်း ၃၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာခရိုင်ဦးစီးမှူးထံ လျှောက်ထားရမည်။

# အခန်း (၃)
# မှတ်ပုံတင်လျှောက်ထားခြင်းနှင့် လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

- ❑ လိုင်စင်လျှောက်ထားသူသည် လျှောက်လွှာ နှင့်အတူ လက်လီလက်ကား အရောင်းဆိုင်သည် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်၊ စားသောက်ကုန်ဆိုင် စသည့်ပတ်ဝန်းကျင် အန္တရာယ်ကင်းကြောင်းသက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေး ကော်မတီ၏ ထောက်ခံချက် ပူးတွဲတင်ပြရမည်။
- ❑ ပိုးသတ်ဆေးတင်သွင်းဖြန့်ဖြူးသူ၊ လက်လီလက်ကားရောင်းချသူ၊ ပြည်လည်ထုပ်ပိုးရောင်းချသူ၊ ဖော်စပ်ထုတ်လုပ်ရောင်းချသူနှင့်ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်းလုပ်ကိုင်သူအားလုံးသည် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှကြီးမှူးဖွင့်လှစ်သောပိုးသတ်ဆေးကိုင်တွယ်သုံးစွဲသူ သင်တန်းတက်ရောက်ပြီးဖြစ်ရမည်။
- ❑ သက်ဆိုင်ရာခရိုင်ဦးစီးမှူးသည် အပိုဒ် ၃၁ အရ လျှောက်ထားလာသော လျှောက်လွှာများနှင့် စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

  (က)ထပ်မံလိုအပ်သည့် အထောက်အထား အချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံခြင်း၊

  (ခ)လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

  (ဂ)အခြားသင့်သည်ဟု ထင်မြင်ယူဆသည့် အမိန့် တစ်ရပ်ရပ်ချမှတ်ခြင်း။

# အခန်း(၅)
# လိုင်စင်ရရှိသူက လိုက်နာရမည့်အချက်များ

ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာခရိုင်ဦးစီးမှူးက ထုတ်ပေးသော လိုင်စင်ရရှိသူသည် အောက်ပါသတ် မှတ်ချက်များကို လိုက်နာရမည်-

(က) လိုင်စင်ကိုအများမြင်သာသောနေရာတွင်ချိတ်ဆွဲ ထားရမည်၊

(ခ) လိုင်စင်တွင် ခွင့်ပြုထားသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကိုသာ ဖော်စပ်ထုတ် လုပ်ခြင်း၊ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ်ရောင်း ချခြင်းပြုရမည်၊

(ဂ) ပြည်တွင်းတွင် ပိုးသတ်ဆေး ဖော်စပ်ထုတ်လုပ် ခြင်း သို့မဟုတ် ပြန်လည်ထုပ်ပိုးခြင်း လုပ်ငန်း များကို ဆောင်ရွက်ရာတွင် အလုပ်သမားများ၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(ဃ) ဖော်စပ်ထုတ်လုပ်သည့် သို့မဟုတ် ပြန်လည်ထုပ်ပိုးသည့် ပိုးသတ်ဆေးများ၏ အရည်အသွေး နှင့် အာနိသင်တို့နှင့်စပ်လျဉ်း၍ တာဝန်ခံရမည်။ သတ်မှတ်ထားသော အညွှန်းစာအတိုင်း သုံး စွဲပါလျှက် အရည်အသွေးမပြည့်မီသော ပိုးသတ်ဆေး များကြောင့် သီးနှံများ ထိခိုက်ပြီး စီးပွားရေး ဆုံးရှုံးမှုဖြစ်လာပါက ဆုံးရှုံးမှုတန်ဘိုးကို သက်ဆိုင်ရာစစ်ဆေးရေးမှူး၏ စစ်ဆေး တင်ပြချက်ပေါ်တွင် အခြေခံလျှက် ဖြန့်ဖြူးသည့်ကုမ္ပဏီ သို့မဟုတ် အရောင်းဆိုင်မှ ပေးလျော်ရမည်၊

# အခန်း(၅)
# လိုင်စင်ရရှိသူက လိုက်နာရမည့်အချက်များ

(င) ပိုးသတ်ဆေးများကို မှတ်ပုံတင်အဖွဲ့က ထုတ်ပြန်သည့် လမ်းညွှန်ချက်အတိုင်း အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်စေခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ထိန်းသိမ်းခြင်းပြုရမည်၊

(စ) ပိုးသတ်ဆေး ဖော်စပ်ထုတ်လုပ်သူ၊ ပြန်လည် ထုပ်ပိုးသူ၊ လက်လီ/လက်ကား ရောင်းချသူများသည် အောက်ပါသတ်မှတ်ချက်များကိုလည်း လိုက်နာရမည်-

(၁) ပိုးသတ်ဆေးသိုလှောင်သည့် အဆောက်အအုံ၏ မြင်သာသောနေရာတွင်" **အန္တရာယ်ရှိသည်**" ဆိုသည့်စာတမ်းကို ထင်ရှားစွာ ချိတ်ဆွဲထားရမည်၊

(၂) ပိုးသတ်ဆေး အသွင်းအထုတ် မပြုလုပ်သည့်အချိန်တွင် သိုလှောင်ရုံကို လုံခြုံစွာ သော့ခတ်ထားရမည်၊

(၃) ပိုးသတ်ဆေး အတင်အချပြုလုပ်ရာတွင် အန္တရာယ်ကင်းစွာ ကိုင်တွယ်တတ်သူ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်၊

(၄) ပိုးသတ်ဆေး သိုလှောင်ရုံတည်နေရာ၊ သို လှောင်ထားသည့် အမျိုးအစားနှင့် အများဆုံး သိုလှောင်မည့်ပမာဏကို အနီးဆုံးမီးသတ်စခန်းသို့ လစဉ်ပေးပို့ထားရမည်၊

(ဆ) ပိုးသတ်ဆေးများကို လူနေအိမ်ခန်းများအတွင်း သိုလှောင်ထားခြင်းမပြုရ၊

# အခန်း(၅)
# လိုင်စင်ရရှိသူက လိုက်နာရမည့်အချက်များ

(ဇ) ပိုးသတ်ဆေးများကိုရောင်းချရာတွင် ကုန်အမှတ် တံဆိပ်နှင့် မြန်မာဘာသာ ပြန်ဆိုထားသော အညွှန်းစာပူးတွဲပါရှိရမည်။ ယင်းအညွှန်းစာကို မှတ်ပုံတင်အဖွဲ့၏ အတည်ပြုချက်ရယူပြီး ဖြစ်ရမည်၊

(ဈ) မှတ်ပုံတင်အဖွဲ့က အခါအားလျော်စွာ ကန့်သတ် သည့် ပိုးသတ်ဆေးများနှင့် စပ်လျဉ်း၍ ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲခွင့်လက်မှတ် ရရှိပြီးသူများကိုသာ ရောင်းချရမည်၊

(ည) ပိုးသတ်ဆေးကိုလက်ကား သို့မဟုတ် လက်လီ ရောင်းချသည့် ကိစ္စတွင် အရောင်းပြေစာဖြင့် ရောင်းချခြင်း၊ ဝယ်ယူသူများ၏ အမည်စာရင်းနှင့် ဝယ်ယူသည့်ပမာဏကို မှတ်ပုံတင်စာအုပ်တွင် နေ့စဉ်ရေးသွင်းခြင်း၊ အရောင်းပြေစာနှင့် မှတ်ပုံတင်စာအုပ်ကို သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးက လာရောက်စစ်ဆေးသည့်အခါတင်ပြခြင်းပြုရမည်၊

(ဋ) ပိုးသတ်ဆေးများကို အစားအသောက်များ၊ ဆေးဝါးများ၊ လူသုံးကုန်၊ အလှကုန်များ နှင့် ပုံစံတူ ထုပ်ပိုးရောင်းချခြင်း သော် လည်းကောင်း၊ လမ်းဘေးတွင် ရောင်းချခြင်းသော် လည်းကောင်းမပြုရ၊

(ဌ) ပိုးသတ်ဆေးများကို လုံခြုံစွာ ထုပ်ပိုး၍ ရောင်းချရမည်။ ပေါက်ပြဲနေသည့် ပိုးသတ်ဆေးအထုပ်များ၊ ဘူးများကို ရောင်းချခြင်းမပြုရ၊

# အခန်း(၅)
# လိုင်စင်ရရှိသူက လိုက်နာရမည့်အချက်များ

(ဃ) ကုန်အမှတ်တံဆိပ်နှင့် အညွှန်းစာမပါရှိသော ပိုးသတ်ဆေးများကို ရောင်းချခြင်းမပြုရ၊

( င) ဈေးကွက်သို့ရောက်ရှိပြီးသော ပိုးသတ်ဆေးနှင့် အဆိပ်ရှိပစ္စည်းများသည် အကြောင်းတစ်ခုခုကြောင့်ရောင်းချရန် မသင့်လျော်ပါကြောင်း စစ်ဆေးတွေ့ရှိလျှင် ယင်းတို့ကို ပြန်လည်သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားသည့် အတိုင်းလိုက်နာဆောင်ရွက်ရမည်၊

(ဈ) ပိုးသတ်ဆေးများကို သက်ဆိုင်ရာဦးစီးမှူးကဖြစ် စေ၊ စစ်ဆေးရေးမှူးကဖြစ်စေ လာရောက်စစ် ဆေးသည့်အခါ စစ်ဆေးခြင်းကိုခံယူရမည့်အပြင် လိုအပ်သည့် အကူအညီများ ပေးရမည်၊

(တ) ပိုးသတ်ဆေးအရည်အသွေးစစ်ဆေးရန်အတွက် နမူနာ တောင်းခံလာပါက သတ်မှတ်သည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့် နမူနာအရေအတွက် သို့မဟုတ် အလေးချိန်ကို နမူနာရယူသည့် လက်မှတ်ပုံစံ(၁၂)ဖြင့် သက်ဆိုင်ရာဦးစီး မှူး သို့မဟုတ် စစ်ဆေးရေးမှူးအား အခမဲ့ရယူ ခွင့်ပြုရမည်၊

# အခန်း(၅)
# လိုင်စင်ရရှိသူက လိုက်နာရမည့်အချက်များ

(ထ) လက်လီလက်ကား ရောင်းချခွင့် လိုင်စင်တစ်ခု လျှင် အရောင်းဆိုင်တစ်ဆိုင်သာ ဖွင့်ရမည်၊

(ဒ) လိုင်စင်ရရှိသူသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန် ထားသည့်အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည် အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း ပါအချက်အလက်များကိုလည်း လိုက်နာ ဆောင်ရွက်ရမည်၊

(ဓ) ပိုးသတ်ဆေးဖြန့်ဖြူးရောင်းချခြင်း ဆောင်ရွက်လို သူသည် သက်ဆိုင်ရာ ခရိုင်ဦးစီးမှူး ထံမှ ခွင့်ပြုချက်ရရှိထားသော လက်လီလက်ကားရောင်းချခွင့် လိုင်စင် ကိုင်ဆောင် ထားသူဖြစ်ရမည်၊

# အခန်း(၁၁)

# ပိုးသတ်ဆေးသုံးစွဲသူလိုက်နာရမည့် စည်းကမ်းများ

(အခန်း၁၁-ပုဒ်မ ၂၆)

**ပုဒ်မ ၂၆။** ပိုးသတ်ဆေးသုံးစွဲသူသည်-

**ပုဒ်မ ၂၆(က)** ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း လိုက်နာသုံးစွဲရမည်။

**ပုဒ်မ ၂၆(ခ)** ဦးစီးဌာနကအခါအားလျော်စွာ ထုတ်ပြန်သောပိုးသတ်ဆေး အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ခြင်းနည်းလမ်းများ အတိုင်းလိုက်နာသုံးစွဲရမည်။

**ပုဒ်မ ၂၆(ဂ)** ပိုးသတ်ဆေးများကိုအစားအသောက်များနှင့် နီးကပ်စွာထားရှိခြင်း၊ ကလေးသူငယ်များအလွယ်တကူလက်လှမ်းမီသောနေရာတွင်ထားရှိခြင်းမပြုလုပ်ရ။

**ပုဒ်မ ၂၆(ဃ)** သုံးစွဲပြီးသောပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများကို ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ**စွန့်ပစ်ဖျက်ဆီးခြင်းနည်းလမ်းများအတိုင်း** လိုက်နာ ဆောင်ရွက်ရမည်။

**ပုဒ်မ ၂၆(င)** စိုက်ခင်းများတွင်လည်းကောင်း၊ ရိတ်သိမ်းပြီးသီးနှံများကို သိုလှောင် ရာတွင်လည်းကောင်း ပိုးသတ်ဆေးသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနက အခါအား လျော်စွာ ထုတ်ပြန်သော ပညာပေးလမ်းညွှန်မှုများကို လိုက်နာရမည်။

# အခန်း(၆)
# ပိုးသတ်ဆေးသုံးစွဲသူက လိုက်နာရမည့် စည်းကမ်းများ

၃၈။ ပိုးသတ်ဆေးသုံးစွဲသူသည် ဥပဒေပုဒ်မ ၂၆ ပါစည်းကမ်းများကို လိုက်နာရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သီးနှံအလိုက် သတ်မှတ်ပေးထားသည့် ပိုးသတ်ဆေးအမျိုးအစားကို သတ်မှတ်သည့်နည်းလမ်းအတိုင်းသာ သုံးစွဲရမည်၊

(ခ) အိမ်တွင်းသုံး ပိုးသတ်ဆေးများမှအပ အခြားပိုးသတ်ဆေးများကိုလူနေအိမ်ခန်းများအတွင်းထားရှိခြင်းမပြုရ၊

(ဂ) မရိတ်သိမ်းသေးသည့် စားသုံးသီးနှံတွင် ပိုးသတ်ဆေးသုံးစွဲထားပါက အညွှန်းစာပါသတ်မှတ်ထားသည့်အတိုင်း ရိတ်သိမ်းရန် စောင့်ဆိုင်းရမည့်အချိန်ကာလကုန်ဆုံးပြီးနောက်မှသာ ရိတ်သိမ်းခြင်း၊ ရောင်းချခြင်းပြုရမည်၊

(ဃ) သက်ဆိုင်ရာဦးစီးမှူးသို့မဟုတ် စစ်ဆေးရေးမှူး က ပိုးသတ်ဆေးခတ်ကြွင်းပါဝင်မှုပမာဏစစ်ဆေးရန်လိုအပ်၍ သီးနှံနမူနာတောင်းခံလာလျှင် နမူနာရယူရန် သတ်မှတ်သည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့် နမူနာအရေအတွက် သို့ မဟုတ် အလေးချိန်ကိုအခမဲ့ရယူခွင့်ပြုရမည်၊

(င) နမူနာယူသည့် လက်မှတ်ပုံစံ (၁၅) ကို စစ်ဆေးရေးမှူးထံမှ တောင်းဆိုရန် တာဝန်ရှိသည်၊

# အခန်း(၆)
# ပိုးသတ်ဆေးသုံးစွဲသူက လိုက်နာရမည့် စည်းကမ်းများ

၃၈။ (စ) စားသုံးရန်သီးနှံနှင့် စပ်လျဉ်း၍ ရိတ်သိမ်းပြီး နောက် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု ပမာဏ သည် သတ်မှတ်ချက်ထက် ကျော်လွန်လျှင် စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် အမိန့်အတိုင်း လိုက်နာဆောင်ရွက် ရမည်၊

(ဆ) မှတ်ပုံတင်ခွင့်ပြုချက်မရသော၊ ပိတ်ပင်တားဆီးထားသော ပိုးသတ်ဆေးများကို သုံးစွဲခြင်းမပြုရ၊

# အရေးယူခြင်း

## စီမံခန့်ခွဲနည်းလမ်းအရအရေးယူခြင်း–ပုဒ်မ ၂၇၊ ၂၈

- လိုင်စင်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊
- ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး ဆက်လက် လုပ်ကိုင်ခွင့် ပြုခြင်း၊
- လိုင်စင်ရရှိသူ၏လက်ဝယ်ရှိပိုးသတ်ဆေးလက်ကျန်ကိုသိမ်းယူခြင်း၊ ဖျက်ဆီးခြင်း။

## ပြစ်မှုနှင့်ပြစ်ဒဏ်များအရအရေးယူခြင်း(ရဲစခန်းတွင်အမှုဖွင့်ခြင်း)

- **ပြစ်မှုများ ပုဒ်မ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈**
- **ပြစ်ဒဏ်များ ပုဒ်မ ၃၉၊၄၀၊၄၁၊၄၂**
- **ထောင်ဒဏ် ၆ လမှ ၅ နှစ်ထိလည်းကောင်း၊ ငွေဒဏ် သုံးသိန်း မှ အများဆုံး တစ်ဆယ်သိန်း ထိလည်းကောင်း၊ ဒဏ် နှစ်ရပ်စလုံးလည်းကောင်း ချမှတ်နိုင်သည်။**

## ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍အရေးယူခြင်း–ပုဒ်မ ၈

- မှတ်ပုံတင်ရုတ်သိမ်းခြင်း။
- တင်သွင်းခွင့် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း။
- ဒဏ်ကြေးငွေပေးဆောင်စေခြင်း။

# အခန်း(၁၂)

## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း
## (အခန်း၁၂-ပုဒ်မ၂၇)

✓ **ပုဒ်မ၂၇။** ညွှန်ကြားရေးမှူးချုပ်သည် **ပုဒ်မ ၂၄** ပါပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ လိုင်စင် ပါစည်းကမ်း ချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင် ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ် ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

**ပုဒ်မ၂၇(က)** လိုင်စင်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

**ပုဒ်မ၂၇(ခ)** ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး ဆက်လက် လုပ်ကိုင်ခွင့် ပြုခြင်း၊

**ပုဒ်မ၂၇(ဂ)** လိုင်စင်ရရှိသူ၏လက်ဝယ်ရှိပိုးသတ်ဆေးလက်ကျန်ကိုသိမ်းယူ ခြင်း၊ ဖျက်ဆီးခြင်း။

(အခန်း၁၂-ပုဒ်မ ၂၈)

**ပုဒ်မ ၂၈။** ခရိုင်ဦးစီးမှူးသည် **ပုဒ်မ ၂၅** ပါ လိုင်စင် ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင်ရရှိသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

**ပုဒ်မ ၂၈(က)** လိုင်စင်ကိုရုပ်သိမ်းခြင်းသို့မဟုတ်ကာလအကန့်အသတ်ဖြင့်ဆိုင်းငံ့ခြင်း၊

**ပုဒ်မ ၂၈(ခ)** ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး ဆက်လက် လုပ်ကိုင်ခွင့်ပြုခြင်း၊

**ပုဒ်မ ၂၈(ဂ)** လိုင်စင်ရရှိသူ၏လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း။

# တားမြစ်ချက်များ

၃၁။ မည်သူမျှမှတ်ပုံတင်အဖွဲ့၏ခွင့်ပြုချက်မရှိဘဲ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း ကို ပြည်ပ မှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းမပြုရ။

**၃၂။ မည်သူမျှ လိုင်စင်မရှိဘဲ ပြည်ပမှတင်သွင်းလာသော အဆိပ်ရှိပစ္စည်းကို ပိုးသတ်ဆေး အဖြစ် ဖော်စပ်ရောင်းချသည့်လုပ်ငန်း၊ ပြည်ပမှပြည်တွင်းသို့ တင်သွင်းလာသော ပိုးသတ်ဆေးကို ပြန်လည်ထုပ်ပိုးရောင်းချသည့်လုပ်ငန်း၊ ပိုးသတ်ဆေးကို လက်လီ လက်ကားရောင်းချသည့်လုပ်ငန်းနှင့် ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်းများကို မပြု လုပ်ရ။**

၃၃။ မည်သူမျှ ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိပစ္စည်းကိုဖြစ်စေ ပိုးကျသည့်အန္တရာယ် ကာကွယ် နှိမ်နင်းသည့်ကိစ္စမှအပ လူအများစားသုံးသည့်သီးနှံ၊ အစားအစာသို့မဟုတ် အဖျော်ယမကာ စသည်များတွင် ထည့်သွင်းသုံးစွဲခြင်း၊ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို သုံးစွဲလျက် မည်သည့်သတ္တဝါကိုမျှ **ဖမ်းယူခြင်း၊** သတ်ဖြတ်ခြင်း မပြုလုပ်ရ။

၃၄။ မည်သူမျှ အသက် ၁၈နှစ်နှင့် ၁၈နှစ်အောက် ကလေး၊ ကိုယ်ဝန်ဆောင်မိန်းမ သို့မဟုတ် ကလေးနို့တိုက်သောမိန်းမကို ပိုးသတ်ဆေးကိုင်တွယ်ရာတွင်လည်းကောင်း၊ သုံးစွဲ ရာတွင်လည်းကောင်း စေခိုင်း ခြင်း မပြုလုပ်ရ။

၃၅။ **ပိုးသတ်ဆေးသုံးစွဲသူ မည်သူမဆို ပုဒ်မ ၂၆ ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် ပတ်ဝန်းကျင်ကိုဖြစ်စေ၊ တစ်စုံတစ်ယောက်ကိုဖြစ်စေ ထိခိုက်နစ်နာခြင်း မရှိစေရ။**

၃၆။ ပိုးသတ်ဆေးသုံးစွဲသူမည်သူမဆို ပုဒ်မ (၂၆)ပါ **ပုဒ်မ ၂၆ ပါ စည်းကမ်း ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် တစ်စုံတစ်ယောက်သောသူ အား အသက်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေပါက ရာဇသတ်ကြီးအရ ပြစ်ဒဏ် ထိုက်သင့်စေရမည်။**

၃၇။ မည်သူမျှသီးနှံများကိုသိုလှောင်ရာတွင် **မှတ်ပုံတင်အဖွဲ့**က သတ်မှတ်ထားသည့် ပိုးသတ်ဆေး **အမျိုးအစား**နှင့် သုံးစွဲနည်းများမှအပ အခြားပိုးသတ်ဆေး**အမျိုးအစား**နှင့် သုံးစွဲနည်းများကို သုံးစွဲခြင်း မပြုရ။

၃၈။ မည်သူမျှ ပိုးသတ်ဆေးကို အစားအစာနှင့်အတူတွဲ၍ ရောင်းချခြင်းသော်လည်းကောင်း၊ သယ်ဆောင်ခြင်းသော်လည်းကောင်း မပြု လုပ်ရ။

## ပြစ်မှုပြစ်ဒဏ်များ

၃၉။ မည်သူမဆို **ပုဒ်မ ၂၅၊ ပုဒ်မ ၃၀(ဃ)၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၃ နှင့် ပုဒ်မ ၃၄** ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင် ခြင်းခံရလျှင် ထိုသူအား **ထောင်ဒဏ် ငါးနှစ် အထိဖြစ်စေ၊ ငွေဒဏ် ကျပ်တစ်ဆယ် သိန်းအထိဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ** ကျခံစေရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်း များကိုလည်း သိမ်းယူခြင်းခံရမည်။

**၄၀။ မည်သူမဆို ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ကျပ် သုံးသိန်း အထိဖြစ်စေ ကျခံစေရမည်။**

**၄၁။**မည်သူမဆို **ပုဒ်မ ၃၆ သို့မဟုတ် ပုဒ်မ ၃၇** ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် **ထိုသူအား ထောင် ဒဏ် တစ်နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် တစ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ** ကျခံစေရမည်။ ထို့ပြင် ပြစ်မှုတွင်အကျုံးဝင်သည့် သက်သေခံ ပစ္စည်း များကိုလည်း သိမ်းယူခြင်း ခံရမည်။

# ပိုးသတ်ဆေးဥပဒေ လုပ်ထုံးလုပ်နည်းများအရ တရားမဝင်သော အညွှန်းစာများဖြင့် ရောင်းချခြင်းအတွက်ပိုးသတ်ဆေးဥပဒေနှင့်အညီ အရေးယူအပြစ်ပေးခြင်း

| ဖြစ်မှု | ဖြစ်ဒဏ်များ |
| --- | --- |
| ❑ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ တရားမဝင်ဖြန့်ဖြူးသူအမည်နှင့် ကုန်သွယ်မှုအမည် ပြောင်းလဲခဲ့လျှင် | ➢ အဆိုပါကုမ္ပဏီများသည် ပိုးသတ်ဆေးဥပဒေ လုပ်ထုံးလုပ်နည်းများအရ တရားဝင် ဆောင်ရွက်ရမည်ဖြစ်ပြီး ဥပဒေချိုးဖောက်မှုကို ထပ်မံတွေ့ရှိပါကပိုးသတ်ဆေးဥပဒေအရ ထိရောက်စွာ အရေးယူပြီး မှတ်ပုံတင်ခွင့်ပြုထားခြင်းကိုလည်း ဖျက်သိမ်းမည် ဖြစ်သည်။ |

# ပိုးသတ်ဆေးဥပဒေ လုပ်ထုံးလုပ်နည်းများအရ တရားမဝင်သော အညွှန်းစာများဖြင့် ရောင်းချခြင်းအတွက်ပိုးသတ်ဆေးဥပဒေနှင့်အညီ အရေးယူအပြစ်ပေးခြင်း

| ပြစ်မှု | ပြစ်ဒဏ်များ |
| --- | --- |
| ❑ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ တရားမဝင်ဖြန့်ဖြူးသူအမည်နှင့် ကုန်သွယ်မှုအမည် ပြောင်းလဲပြီး ပိုးသတ်ဆေးများ တရားမဝင် ဖြန့်ဖြူး ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက → | ➢မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ဖျက်သိမ်း၍<br>➢ကုမ္ပဏီကိုလည်း နံမည်ပျက်စာရင်းသွင်းပြီး ပိုးသတ်ဆေးဥပဒေအရ ထိရောက်စွာ အရေးယူခြင်းခံရမည်<br>➢သတ်မှတ်သည့် ဒဏ်ကြေးငွေကိုလည်း ပေးဆောင်ရမည်ဖြစ်ပါ သည်။ |

# ပိုးသတ်ဆေးဥပဒေ လုပ်ထုံးလုပ်နည်းများအရ လိုက်နာခြင်းမရှိသောပိုးသတ်ဆေးသုံးစွဲသူအားပိုးသတ်ဆေး ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးခြင်း

## ပြစ်မှု

၃၆။ ပိုးသတ်ဆေးသုံးစွဲသူမည်သူမဆို ပုဒ်မ ၂၆ ပါစည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် တစ်စုံတစ်ယောက် သောသူအား အသက်ဆုံးရှုံးမှုကိုဖြစ်ပေါ်စေပါကရာဇသတ်ကြီးအရ ပြစ်ဒဏ်ထိုက်သင့်စေရမည်။

၃၇။ မည်သူမျှသီးနှံများကို သိုလှောင်ရာတွင် မှတ်ပုံတင်အဖွဲ့က သတ် မှတ်ထားသည့် ပိုးသတ်ဆေးအမျိုးအစားနှင့် သုံးစွဲနည်းများမှအပ အခြား ပိုးသတ်ဆေးအမျိုးအစားနှင့် သုံးစွဲနည်းများကို သုံးစွဲခြင်းမပြုရ။

## ပြစ်ဒဏ်များ

**ပိုးသတ်ဆေးဥပဒေပုဒ်မ ၄၁** ၀

ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် တစ်ဆယ် သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ကျခံစေရမည်။

သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း ခံရမည်

# ပိုးသတ်ဆေးဥပဒေ လုပ်ထုံးလုပ်နည်းများအရ လိုက်နာခြင်းမရှိသောပိုးသတ်ဆေးသုံးစွဲသူအားပိုးသတ်ဆေး ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးခြင်း

## ပြစ်မှု

**လုပ်ထုံးလုပ်နည်း အပိုဒ်** ၃၈။ပိုးသတ်ဆေးသုံးစွဲသူ သည် ဥပဒေပုဒ်မ ၂၆ ပါစည်းကမ်းများဖြစ်သော

+က ,သီးနှံအလိုက်သတ်မှတ်ပေးထားသည့်ပိုးသတ်ဆေးအမျိုးအစားကို သတ်မှတ်သည့်နည်းလမ်း အတိုင်းသာ သုံးစွဲရမည်၊

+ခ , အိမ်တွင်းသုံးပိုးသတ်ဆေးများမှအပ အခြားပိုးသတ်ဆေးများကို လူနေအိမ်ခန်းများ အတွင်း ထားရှိခြင်းမပြုရ၊

+ဂ ,ရိတ်သိမ်းရန် စောင့်ဆိုင်းရမည့် အချိန်ကာလ ကုန်ဆုံးပြီး နောက်မှသာ ရိတ်သိမ်းခြင်း၊ ရောင်းချခြင်းပြုရမည်၊

→

## ပြစ်ဒဏ်များ

**ပိုးသတ်ဆေး ပုဒ်မ၄၁** 0

**ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် တစ်ဆယ် သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ** ကျခံစေရမည်။

သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း ခံရမည်

## အခန်း(၁၆)
## အထွေထွေ
(အခန်း၁၆–ပုဒ်မ၄၃၊၄၄၊၄၅၊၄၆)

**ပုဒ်မ၄၃။** ဝန်ကြီးဌာနသည်မှတ်ပုံတင်ခ၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခ တို့ကို သတ်မှတ်ရမည်။

**ပုဒ်မ၄၄။** ဤဥပဒေအရတရားစွဲဆိုသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော အမှုအဖြစ် သတ်မှတ် သည်။

**ပုဒ်မ၄၅။** ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုတွင် သက်သေခံပစ္စည်းဖြစ်သော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းနှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ ဓာတ်ခွဲစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာသည် ယင်းပြစ်မှုအတွက် အပြီး သတ်သက်သေခံချက် ဖြစ်စေရမည်။

**ပုဒ်မ၄၆။** ဤဥပဒေ မပြဋ္ဌာန်းမီက ခွင့်ပြုသုံးစွဲလျက်ရှိသော ပိုးသတ်ဆေးများကို ဤဥပဒေပါပြဋ္ဌာန်းချက် များနှင့် အညီ ခွင့်ပြုသည်ဟု မှတ်ယူရမည်။

## **အခန်း(၁၆)**

## **အထွေထွေ**

(အခန်း၁၆-ပုဒ်မ၄၇၊၄၈)

**ပုဒ်မ၄၇။** ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

**ပုဒ်မ၄၇(က)** ဝန်ကြီးဌာနသည်နည်းဥပဒေများ၊စည်းမျဉ်းနှင့် စည်းကမ်းများကိုပြည်ထောင်စုအစိုးရအဖွဲ့သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်။

**ပုဒ်မ၄၇(ခ)** မှတ်ပုံတင်အဖွဲ့နှင့်ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**ပုဒ်မ၄၈။**ပိုးသတ်ဆေးဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁၀/၉၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လမ်းညွှန်မှုခံယူအပ်ပါသည်။